**CHIN NATIONAL FRONT**

**General Headquarters**

**Chinland**

**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com


# ၃၅ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၁။ ယနေ့တွင် ကျရောက်သော မတ်လ (၂၀) ရက်နေ့သည် စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ချေမှုန်း၍ ချင်းအမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်းအမျိုးသား လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့် (၃၅) နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ပင် ဖြစ်သည်။ တော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားကြသည့် အာဇာနည် ရဲဘော်ရဲမေများ၊ ချင်းအမျိုးသားပြည်သူများအား ဦးညွတ်ဂါရဝ ပြုပါသည်။

၂။ အကြမ်းဖက်စစ်ကောင်စီအား တော်လှန်တိုက်ပွဲဝင်ရာတွင် ချင်းအမျိုးသားပြည်သူများ၏ အနစ်နာခံမှု၊ ပံ့ပိုးကူညီမှုနှင့် ပေးဆပ်မှုများအပေါ် အထူး ဂုဏ်ယူလေးစားကြောင်း၊ အကြမ်းဖက်စစ်အာဏာရှင်အုပ်စုမှ ၂၀၂၁ ခုနှစ် အာဏာသိမ်းယူပြီးနောက်ပိုင်း နိုင်ငံရေး၊ စစ်ရေးအကြပ်အတည်းကြောင့် လူမှုဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်နေရသော ချင်းပြည်သူနှင့် တစ်နိုင်ငံလုံး ပြည်သူများအား စာနာ နားလည်ပေးပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

၃။ ချင်းအမျိုးသားများ ဆုံးရှုံးနစ်နာခဲ့သော အခွင့်အရေးများအတွက် နိုင်ငံရေး၊ စစ်ရေးအပြင် သံရေးတမန်ရေး လှုပ်ရှားမှုအရှိန်ကို တိုးမြှင့် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ ထို့ကြောင့် ယခု ဆင်နွှဲနေသော တော်လှန်ရေးတိုက်ပွဲတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မိမိကျွမ်းကျင်မှုအလိုက် အရေးတော်ပုံအောင်မြင်သည်အထိ လက်တွဲ တိုက်ပွဲဝင်ကြပါရန်နှင့် တဆက်တည်းတွင် အကြမ်းဖက်စစ်ကောင်စီနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ အခွင့်အရေးတောင်းဆိုမှုများကို အထူး ရှောင်ရှားကြပါရန် အလေးအနက် တိုက်တွန်းသည်။

၄။ ချင်းအမျိုးသားတပ်ဦးနှင့် တပ်မတော်သည် ပြည်သူ့တော်လှန်ရေးလမ်းစဉ်ကို အခိုင်အမာ ကိုင်စွဲပြီး စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းကာ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးအတွက် တော်လှန်တိုက်ပွဲဝင်ရာတွင် နိုင်ငံရေးရပ်တည်ချက် တူညီသော မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို လက်တွဲကာ အဆုံးတိုင် တိုက်ပွဲဝင်သွားမည် ဖြစ်သည်။

၅။ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်မှုကြောင့် ပြည်သူများဆုံးရှုံးခဲ့သော လူမှုဘဝ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံရေးဦးတည်ချက်၊ ယုံကြည်ချက်နှင့် ခံယူချက်တူညီသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ ပါဝင်စေလျက် ချင်းလဲန်အတွင်း အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို တဆင့်ချင်း အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၂၃ ခုနှစ်၊ မတ်လ (၂၀) ရက်